www.dhammaransi.com

ပထမ ဓမ္မနာဒ ဆရာတော် ဘုရားကြီး

# ခေတ် ၆-ပါး သိမ်းဆည်းပုံကျမ်း

မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁၃။ | နိဒါန်း | ၉၉ |
| ၁၄။ | ခေတ် ၆-ပါး သိမ်းဆည်းပုံ | ၁၀၁ |
| ၁၅။ | သဏ္ဍာန်ဖျောက်နည်း | ၁၀၂ |
| ၁၆။ | ဃနလေးပါး | ၁၀၂ |
| ၁၇။ | သမူဟ ဃန ဖြိုနည်း | ၁၀၃ |
| ၁၈။ | သန္တတိ ဃန ဖြိုနည်း | ၁၀၇ |
| ၁၉။ | ကိစ္စ ဃန ဖြိုနည်း | ၁၀၉ |
| ၂၀။ | အာရမ္မဏ ဃန ဖြိုနည်း | ၁၁၀ |
| ၂၁။ | နာမ်+ရုပ်ကို သရက်ပင် ဥပမာဖြင့် ပြခြင်း | ၁၁၂ |
| ၂၂။ | အကြောင်းအကျိုး ခွဲခြားပြခြင်း | ၁၁၆ |
| ၂၃။ | ရုပ်+နာမ်ကို လှေဥပမာဖြင့်ပြခြင်း | ၁၁၇ |
| ၂၄။ | နိဂုံး မှာထားချက် | ၁၂၁ |
| ၂၅။ | နောက်ဆက်တွဲ | ၁၂၃ |
| ၂၆။ | ရုပ်နာမ်ရှုနည်း တရားတော် | ၁၂၅ |
| ၂၇။ | ဝိပဿနာဉာဏ် ဆယ်ပါး | ၁၃၅ |

www.dhammaransi.com

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၂၀။ | အရဟတ္တဂုဏ်တော် ပုတီးစိပ်နည်း | ၁၄၉ |
| ၂၉။ | မေတ္တာဘာဝနာ ပွားများနည်း | ၁၅၀ |
| ၃၀။ | ဝိပဿနာဘာဝနာ မဖွံ့သံဝေဂလင်္ကာများ | ၁၅၂ |
| ၃၁။ | ခန္ဓာငါးပါး ဝိပဿနာ တရားလင်္ကာ | ၁၅၃ |
| ၃၂။ | အာယတန တဆယ့်နှစ်ပါး တရားလင်္ကာ | ၁၅၄ |
| ၃၃။ | ဓာတ်တဆယ့်ရှစ်ပါး ဝိပဿနာ တရားလင်္ကာ | ၁၅၅ |
| ၃၄။ | အပ္ပမာဒ သံဝေဂလင်္ကာ | ၁၅၇ |
| ၃၅။ | ကိသာဂေါတမီ မျက်ရည်သိမ်း သံဝေဂလင်္ကာ | ၁၅၈ |
| ၃၆။ | နာမ်ရုပ်ကို ပိုင်းခြား၍ ဝိပဿနာတင်ရန် | ၁၅၈ |
| ၃၇။ | စတုသစ္စ ကမ္မဋ္ဌာန်းလင်္ကာ | ၁၅၉ |
| ၃၈။ | တောလေးဆယ်ခေါ်သော<br>ဘာဝနာလေးဆယ် ပါဠိ+အနက် | ၁၆၀ |
| ၃၉။ | အရဏဝိဟာရ=ကိလေသာကင်းကွာ<br>ချမ်းသာစွာနေနိုင်ကြောင်းတရား ၆-ပါး | ၁၆၄ |
| ၄၀။ | နာထတရား မှီခိုအားထားရာ တရား ဆယ်ပါး | ၁၆၆ |
| ၄၁။ | ထိနမိဒ္ဓ (ငိုက်မျဉ်းခြင်း) ပယ်ဖျောက်ကြောင်း တရား<br>ခုနစ်ပါး လင်္ကာ | ၁၆၈ |
| ၄၂။ | အဓိပ္ပာယ်ရှင်းလင်းချက်များ ကဏ္ဍ | ၁၇၀ |
| ၄၃။ | ဈာန လေးပါး | ၁၇၆ |

www.dhammaransi.com

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၅၈။ | မနောပဒ္ဓကအတွက် | ၂၃၆ |
| ၅၉။ | အဘိဏှရာဟုလောပါဒသုတ် ဆောင်ပုဒ်လင်္ကာ | ၂၃၇ |
| ၆၀။ | ဝိဇယသုတ္တန် ပထမအကြိမ်ဟောတော်မူခြင်းအကြောင်း | ၂၃၉ |
| ၆၁။ | ဇနပဒကလျာဏီနန္ဒာထေရီမကို အရဟတ္တဖိုလ်၌ တည်စေတော်မူခြင်း | ၂၄၄ |
| ၆၂။ | သိရိမာ ပြည့်တန်ဆာမကို အကြောင်းပြု၍ဝိဇယသုတ္တန် ဒုတိယအကြိမ်ဟောတော်မူခြင်း | ၂၅၁ |
| ၆၃။ | ဝိဇယသုတ္တန် မြန်မာပြန် | ၂၆၀ |
| ၆၄။ | ဃနလေးပါး | ၂၆၆ |
| ၆၅။ | မေတ္တသုတ်လာ-မေတ္တာဘာဝနာပွားနည်း | |
| | ၁။ သဗ္ဗသင်္ဂါဟကမေတ္တာ | ၂၇၇ |
| | ၂။ ဒုကမေတ္တာ | ၂၈၈ |
| | ၃။ တိကမေတ္တာ | ၂၉၀ |
| ၆၆။ | မေတ္တာဘာဝနာသုံးနည်းဟောခြင်းအကြောင်း | ၂၉၂ |
| ၆၇။ | နာထတရားနှင့် ထိနမိဒ္ဓပယ်ဖျောက်ကြောင်းတရား | ၂၉၇ |
| ၆၈။ | ယင်းခုနစ်ပါးလင်္ကာ | ၂၉၈ |
| ၆၉။ | ကိုယ်စွမ်းကိုယ်စ အားကိုးပါက ကောင်းကျိုးရကြောင်း(သုတလက်ဆောင်) | ၃၀၀ |
| ၇၀။ | အမျက်မထွက်သင့်ကြောင်း(ဓမ္မလက်ဆောင်) | ၃၀၁ |
| ၇၁။ | ချီးမွမ်းအပ်သည့်ဝိပဿနာ | ၃၀၂ |

www.dhammaransi.com



သို့ဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အန္ဓပုထုဇဉ်အဖြစ်ကို လွန်မြောက်၍ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ရှိကြရန် လယ်တီဆရာတော်ဘုရားကြီးသည် တဖန် လင်္ကာ ၁၀ ပုဒ်မျှဖြင့် ခန္ဓာတရား အာယတနတရား ဓာတ်တရား သစ္စာတရားတို့၌ အဝါးဝ နားလည်သွားကြစေရန် ခန္ဓာ,အာယတန, ဓာတ်, သစ္စာလင်္ကာကျမ်း" စာအုပ်ငယ်ကို ထပ်မံရေးသားချီးမြှောက်တော် မူပြန်လေသည်။ သို့သော် ထိုစာအုပ်ငယ်မှာ မတွင်ကျယ်ပဲ ရှိခဲ့ပြန်လေသည်။

ဘုန်းကြီးမှာ ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ဩဝါဒါစရိယ တပါးဖြစ်သည့်အလျောက်' မိမိလက်ဝယ် ရှိနေသော "ခန္ဓာ, အာယတန,ဓာတ်, သစ္စာလင်္ကာကျမ်း"စာအုပ်ငယ်ကို အဘိဓမ္မာ ပြန့်ပွားရေးအသင်းမှ ဓမ္မဒါနအဖြစ် ရိုက်နှိပ် လှူဒါန်းပေးအပ် တိုက်တွန်းခဲ့ပါသော်လည်း အကြောင်းမညီညွတ်၍ မရိုက်နှိပ် ဖြစ်သေးသဖြင့် လူထုလက်ဝယ်သို့ ဤစာအုပ်ငယ် အရောက်နှေးခဲ့ရပြန်ပါသည်။

(၁) ထိုသို့ရှိစဉ် ရန်ကုန်မြို့ "ဝိပဿနာ ပြန့်ပွားရေးအဖွဲ့" ဝင်များဖြစ်ကြသော ဦးသန်းအောင် "သမိုင်း"နှင့် ဦးဘော်ဇံ "ကုက္ကိုင်း"တို့က ဦးဆောင်၍ ၁၃၂၆ ခုနှစ်ကပင် လင်္ကာစာသွား အဓိပ္ပာယ်ဖွင့်များ မူရင်းအတိုင်းပင် တကြိမ်ရိုက်နှိပ်၍ ဓမ္မဒါန လှူဒါန်းခဲ့ဘူးပါသည်။

(၂) ဘုန်းကြီးသည် ထို "ခန္ဓာ,အာယတန, ဓာတ်, သစ္စာလင်္ကာကျမ်းငယ်"တွင် ပါရှိသော စာကိုယ် လင်္ကာများကို အကြောင်းအားလျော်စွာ တရားပွဲများ၌ ဖွင့်ဆိုဟောကြားခဲ့ပါသည်။ ထိုတွင် ခန္ဓာငါးပါးနှင့် သက်ဆိုင်သော လင်္ကာ ၇ ပုဒ်ကို တချိန်က တရားပွဲ တခုတွင် ဖွင့်ဆိုဟောကြားခဲ့သည်ကို အသံဖမ်းကြိုးခွေဖြင့် ဖမ်းယူထားခဲ့ရာ အဘိဓမ္မာ ပြန့်ပွားရေးအသင်းဝင် သူတော်စင်တစုတို့၏စိတ်၌ "လင်္ကာသက်သက်ချကိုသာ ပုံနှိပ်၍ ဓမ္မဒါနပြုရခြင်းထက် ဖွင့်ဆိုဟောကြားအပ်သော 'ဖောဏပိဏ္ဍူပမသုတ္တန်' ဓမ္မဒေသနာများကိုပါ ဓမ္မဒါန ပြုရပါမူ ပိုမိုကောင်းမွန်လေစွ" ဟု အသင့် နှလုံးသွင်းမိကြသောကြောင့် ဘုန်းကြီးကိုယ်တိုင် ဩဝါဒါစရိယ အလှည့်ကျရောက်သဖြင့် အခမ်းအနားဖွင့်လှစ်ပေးရသော ၁၈ ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ ပူဇော်ပွဲတွင်

www.dhammaransi.com



လပြည့်ကျော် ၉ ရက်နေ့မှာ ပျံလွန်တော်မူပါတယ်” ဆရာတော် ပျံလွန်တော်မမူခင် ၄-၅-ရက် အလိုမှာ ဇီဝိတိန္ဒြေ ကြွေတော့မည့် အရိပ်နိမိတ်ကို တွေ့မြင်ရသဖြင့် မိမိ၏ ဥပဇ္ဈာယ်ဆရာဖြစ်လေတော့ “ဆရာတော်မှာ မေ့မေ့လျော့လျော့များ ဖြစ်နေမည်လား” လို့ စုံစမ်းသောအနေဖြင့် လျှောက်ထား၍ ဆရာတော်က ပြန်လည်အမိန့်ရှိတော်မူပုံတို့မှာ

(တပည့်) ဆရာတော်ဘုရား အသညသတ်ဘုံသို့ ရောက်ကြတဲ့ ဗြဟ္မာတွေမှာ နာမ်တရားကို ရှုံ့ရှာမုန်းတီးမှုဟာ လမ်းမှန်တယ် မဟုတ်လားဘုရား။

(ဆရာ) မှန်တယ်ကွ။

(တပည့်) အရူပဗြဟ္မာ့ဘုံသို့ သွားကြတဲ့ ဗြဟ္မာတွေမှာ ရုပ်တရားကို ရှုံ့ရှာမုန်းတီး စက်ဆုပ်မှုဟာလော လမ်းမှန်တယ် မဟုတ်လားဘုရား။

(ဆရာ) အိမ်း မှန်တယ်ကွ။

(တပည့်) ဒါဖြင့်လျှင်ဘုရား အဲဒီ အမှန်နှစ်ခုကိုစုပြီးတော့ “ဓိ နာမရူပံ + ဓိ နာမရူပံ။ နာမရူပံ=နာမ်ရုပ်တရား နှစ်ပါးသည်။ဓိ=စက်ဆုပ်ရှုံ့ရှာဖွယ် ကြောက်လန့်ဖွယ်တွေပါတကား။ နာမရူပံ=နာမ်ရုပ်တရား နှစ်ပါးသည်၊ဓိ=စက်ဆုပ် ရှုံ့ရှာဖွယ် ကြောက်လန့်ဖွယ် တွေပါတကား” အဲဒီလို နှလုံးသွင်းလျှင် ပြည့်စုံနိုင်တယ် မဟုတ်လားဘုရား၊ ဘာလိုသေးတယ်လို့ ပြောစရာမရှိဘူး မဟုတ်လားဘုရားလို့ လျှောက်ထားတော့-

(ဆရာတော်က) အိမ်း ဟုတ်ပါတယ်၊ ဒါပေမဲ့ကွာ တို...ဒို့သံယုတ်ပါဠိတော်မှာလာတဲ့ “မာရ်နတ်က အသက်ခုနစ်နှစ်အရွယ်မျှ ရှိသေးတဲ့ ဝဇိရာထေရီရဟန္တာမလေးထံလာပြီးတော့ မဟုတ်မဟပ် ပြောဘူးတယ်၊ အဲဒီလိုပြောတုန်းက ဝဇိရာထေရီ ဘိက္ခုနီမလေးက ပြန်ရွတ်တဲ့ ဂါထာသံယုတ်ပါဠိတော်မှာ ပါတယ်” အဲဒီဂါထာဟာ

**ဒုက္ခ မေဝ ဟိ သမ္ဘောတိ**
**ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။**
**နာညတြ ဒုက္ခာ သမ္ဘောတိ၊**
**နာညံ ဒုက္ခာ နိရုဇ္ဈတိ။**

